ညောင်ထောက်မြောက်ကျေးရွာ
ညောင်ထောက်ကျေးရွာအုပ်စု၊
မိုးကုတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ထောက်မြောက်ကျေးရွာ၊ မိုးကုတ်မြို့နယ်

(မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


၁.မိုးကုတ်မြို့နယ်၊ညောင်ထောက်ကျေးရွာအုပ်စု၊ညောင်ထောက်မြောက်ကျေးရွာ၏သယံဇာတပြမြေပုံ၃

၂. မိုးကုတ်မြို့နယ်၊ညောင်ထောက်ကျေးရွာအုပ်စု၊ညောင်ထောက်မြောက်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်၄

၃. မိုးကုတ်မြို့နယ်၊ ညောင်ထောက်ကျေးရွာအုပ်စု၊ ညောင်ထောက်မြောက်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၅

၃.က ။ တည်နေရာနှင့်ပထဝီ အနေအထား ၅

၃. ခ ။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၅

၃. ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၅-၆

၃. ဃ။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆-၇

၃. င။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇

၃. စ။ ပညာရေး ၇-၈

၃.ဆ။ ကျန်းမာရေး ၈

၃.ဇ ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈-၉

၃.ဈ ။ ကျား - မရေးရာ ၉

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

နောက်ဆက်တွဲများ

. နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၁၀

. နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂

. နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃-၁၆

၁. မိုးကုတ်မြို့နယ်၊ ညောင်ထောက်ကျေးရွာအုပ်စု၊ ညောင်ထောက်မြောက်ကျေးရွာ၏ သယံဇာတပြမြေပုံ



၂. . မိုးကုတ်မြို့နယ်၊ ညောင်ထောက်ကျေးရွာအုပ်စု၊ ညောင်ထောက်မြောက်ကျေးရွာ၏ ရာသီခွင်ပြ-ပြကွဒီနံပြုံ


2021-
မိုးကုတ်မြို့နယ် ညောင်ထောက်ကျေးရွာအုပ်စု ရာသီခွင်ပြ ဇယား
အကြောင်းအရာ
တန်ခူးလ
ကဆုန်လ
နယုန်လ
ဝါဆိုလ
ဝါခေါင်လ
ထီးဖွင့်လ
သီတင်းကျွတ်လ
ဝါဆိုလပြည့်
တော်သလင်း
ဆင်ဓာတ်
ကဆုန်လပြည့်
ဆုတ်သြဂုတ်
ကဆုန်လဆုတ်
ကဆုန်လဆန်း
ကဆုန်လပြည့

## ၃. မိုးကုတ်မြို့နယ်၊ညောင်ထောက်အုပ်စု၊ညောင်ထောက်မြောက်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ များ

### ၃.က ။ တည်နေရာနှင့်ပထဝီအနေအထား

ညောင်ထောက်မြောက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်တွင် ပါဝင်ပြီး မိုးကုတ်မြို့ နှင့် (၂၁မိုင်) ခန့် ကွာဝေးသည်။ မြောက်လတ္တီတွဒ် (၂၂ ၄၉')၊ အရှေ့လောင်ဂျီ တွဒ် (၉၆ ၃၈') ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ဗမာ၊ရှမ်း လူမျိုးများ စုပေါင်းနေထိုင်ကြသည့် ကျေးရွာဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ (၃၀၀၀) ကျော်တွင် တည်ရှိပြီး ပတ်ဝန်းကျင် ကျေးရွာများဖြစ်ကြသော ညောင်ထောက်၊ နားယော၊ နားညောင်၊ နားဝီးကျေးရွာတို့အား ဆက်သွယ်ထားသည်။ ညောင်ထောက်မြောက်ကျေးရွာသည် ကုန်သွယ်ရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် အခြားလူမှုစီးပွားရေးအတွက် မိုးကုတ်-မိုင်းလုံ-ကျောက်မဲလမ်းမကြီးကို အဓိကအားထားသော ကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းမကြီးကို ပိုမို ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

### ၃.ခ ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ညောင်ထောက်မြောက်ကျေးရွာသည်မိုးများပြီး သင့်တင့်သောရာသီဥတုမျိုး ရရှိသောဒေသ တစ်ခုဖြစ်သည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း လယ်စိုက်ပျိုးမှု (၉၂.၅) ဧကနှင့် ဥယျာဉ်ခြံ (၅၅) ဧက၊ စိုက်ပျိုးသူ ဦးရေ (၄၇) ဦးရှိသည်။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူ အများစု သည် စပါးနှင့် နှစ်ရှည်သီးနှံ ခြံလုပ်ငန်းလိမ္မော်၊ ရာသီသီးနှံ ၊ သံပုရာသီး စိုက်ပျိုးကြသည်။ စိုက်ပျိုးရေ အနေဖြင့် သဘာဝစိမ့်စမ်း ရေကို အသုံးပြု၍ စိုက်ပျိုးကြ သည်။

### ၃.ဂ ။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ညောင်ထောက်မြောက်ကျေးရွာတွင် လူမှုရေးကိုအခြေခံထားသော အဖွဲ့(၆)ဖွဲ့ရှိသည်။ ဘာသာရေး၊ ကျန်းမာရေး၊လူမှုရေးယဉ်ကျေးမှုနှင့် စီးပွားရေးကို အခြေခံ၍ ဝိုင်းဝန်းလုပ်ဆောင်ကြ သည်။ ငွေကြေး ကိုဆောင်ရွက်သောအဖွဲ့(၁)ခုရှိသည်။ ကျန်းမာရေးကို အခြေခံသောအဖွဲ့ မတွေ့ရဘဲ အချို့သော ရွာတွင်း ကာကွယ်ဆေးတိုက်လုပ်ငန်းတွင် ရပ်မိရပ်ဖများမှဝိုင်းဝန်း ကူညီမှုရှိသည်။ ကျေးရွာ၏ လူမှုရေးအဖွဲ့တွင် ကျေးရွာလူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ပါဝင်သည်။ ကျေးရွာတွင် လူမှုကူညီရေးအဖွဲ့သီးသန့် ဖွဲ့စည်းထားခြင်းမရှိပါ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်ချေးငွေလုပ်ငန်းလည်းမရှိပါ။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်းချေးငွေလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ပေးပြီး အစိုးရ အတိုးနှုန်းနှင့် ကွာဟမှုမများသော အတိုးနှုန်းအဖြစ် ထိန်းညှိပေးခြင်းဖြင့်သော်လည်းကောင်း၊ အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေးကြေး ဝန်ဆောင်မှုအသစ်များ ချပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေးမည်ဆိုပါက

ကျေးရွာ၏ စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။ လူငယ်လူရွယ်များနှင့် အ မျိုးသမီးအုပ်စုများအား ကျေးရွာ၏အုပ်ချုပ်ရေးနှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင် စေရန် တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်အားဖြင့် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွ က်နိုင်သည်။

## ၃.ဃ ။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

စိုက်ပျိုးရေးသည်ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန် အားဖြင့် သင့်တင့်သည်။ ဓနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စု ဦးရေသ ည် အိမ်ထောင်စုအားလုံး၏ (၂၅%) သာရှိပြီး အလယ်အလတ်ရှိသော မိသားစု (၂၇%) ရှိ သည်။ ဆ င်းရဲ(၃၀%) နှင့် အလွန် ဆင်းရဲအဆင့်မိသားစု(၁၈%) ရှိသည်။ ချမ်းသာသော မိသားစု များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းအဝယ်လုပ်ငန်း အိမ်ဆိုင်(စျေးရောင်း) လုပ်ငန်းများ ကို တွဲဖက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအားဖြင့် အများစုမှာ ခြံမြေဧက (၃) ဧက မှ (၅) ဧက အထိ နှင့် ပိုင်ဆိုင်ကြပြီး (၁၀) ဧကအထက် ပိုင်ဆိုင်သူ (၁၂) ဦးခန့်သာရှိသည်။ အဆင်မပြေ သော မိသားစုများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင် လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်း နှင့် ပြင်ပတွင်ထွက်၍လုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရသ ည်။ ကျေးရွာတွင် လယ်စိုက်ခြင်းမှ ရရှိမှုသည် ဝမ်းစာထက်အနည်းသာ ပိုမိုပြီး ဒေသတွင်းတွင်သာ ရောင်းချပါသည်။ နှစ်ရှည်ခြံစိုက်ပျိုးခြင်းလုပ်ငန်းမှာ မိရိုးဖလာနည်းကို အဓိကထားစိုက်ပျိုးကြသ ည်။ မျိုးစေ့၊ ပျိုးပင်အနေဖြင့်မိရိုးဖလာ နည်းလမ်းများဖြင့်သာ စိုက်ပျိုးကြ သည်။ စိုက်ပျိုးရေး ဦးစီး ဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပို့မှုအားနည်းသည်။ စိုက်ပျိုးရေးသွင်းအားစုတွင် မျိုးကောင်း မျိုးသန့် ရရှိနိုင်မှု ၊စိုက်ပျိုးရေးအတွက် နည်းပညာများပို့ချနိုင်လျှင် ပို၍တိုးတက်လာနိုင်မည် ဖြစ်ပါ သည်။

ကျေးရွာတွင် ဒေသဆိုင်ရာ မွေးမြူရေးတိရိစ္ဆာန်များကိုသာ မွေးမြူကြပြီး မွေးမြူရေး လုပ် ငန်း များမှာ တစ်ပိုင် တစ်နိုင်မွေးမြူကြသည်။ ငါးမွေးသည့် အိမ်ထောင်စုမရှိပါ။ မိရိုးဖလာအရ စို က်ပျိုးရေး တစ်မျိုး တည်းကိုသာအဓိက အားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊ မွေးမြူရေးဝန်ကြီးဌာနမှ မွေးမြူရေးနည်းပညာနှ င့် ဝန်ဆောင်မှု လက်လှမ်း မမီသောကြောင့်လည်းကောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်ပြီး မွေး မြူရေး လုပ်ငန်းကို လုပ်ကိုင်မှု အားနည်းသည်။ လက်ရှိအခြေအနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရိစ္ဆာန် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားမှုရှိနေကြပြီးမိမိတို့၏ ပုဂ္ဂလိကပိုင်မြေကွက်များအ ပေါ်တွင် စီးပွားဖြစ်စမ်းသပ် မွေးမြူလိုသောဆန္ဒများရှိကြသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးဝန်ကြီးဌာ နမှ နည်းပညာ၊မျိုးစိတ်များနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ အလုပ်အကိုင် ရှာပါးမှု ပြဿနာ များကို ကူညီဖြေရှင်းပေးနိုင်သည်။

## ၃.၈ ။အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ညောင်ထောက်မြောက်ကျေးရွာတွင် အခြေခံအဆောက်အဦများဖြစ်သည့် မူလတန်းကျောင်း ရှိသည်။ ကျေးရွာသည် မြို့နယ်အတွင်း အခြား ကျေးရွာ/ ရပ်ကွက်များသို့ ကား၊ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းများမှာမြေသားလမ်းများ ဖြစ်ကြပြီးရွာတွင်းလမ်း အရှည်စုစုပေါင်း (၂၀၀၀)ပေခန့်ရှည်လျားသည်။ ပွင့်လင်းရာသီတွင် ကား၊ ဆိုင်ကယ်၊ ထော်လာကျီများ သွားလာရလွယ်ကူပြီး မိုးအခါ၌ ရွံ့ညွန်များပေါများပြီး သွားလာရ ခက်ခဲသည်။ အခြားဒေသများနှင့် ကုန်သွယ်ရေးအတွက် ရေကြောင်းလမ်း၊ မီးရထားလမ်းမရှိ သောကြောင့် ကား၊ ထော်လာကျီနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ ကျေးရွာတွင် ကား (၃) စီး၊ ထော်လာကျီ (၉) စီး၊ ဆိုင်ကယ်(၅၃) စီးကို အသုံး ပြုလျက်ရှိသည်။ ကျေးရွာသူ/သားများသည် လျှပ်စစ်မီးရရှိလိုပြီး ကော်မတီများဖွဲ့စည်း၍မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

## ၃.၉ ။ ပညာရေး

ညောင်ထောက်မြောက်ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး လက်ရှိကျောင်းစာရင်းအရ တက်ရောက်သော ကျောင်းသား/ကျောင်းသူမှာ မူလတန်း ကျောင်းသား ဦးရေ (၂၀) ယောက်ရှိပြီး အလယ်တန်း (၂၃)ဦး ၊ အထက်တန်း (၃) ဦး ပညာသင်ကြားလျက်ရှိပါသည်။ ကျေးရွာကျောင်းတွင် ဆရာ(၂) ဦး၊ ဆရာမ(၄)ဦးဖြင့် သင်ကြားလျက်ရှိသည်။ ထို့ကြောင့်ကျွန်ုပ်တို့ ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် ဆုတ်ယုတ်နေပြီး မူလတန်းအဆင့်ပညာ ပြီးဆုံးပါက ကျောင်းထွက်နှုန်း များသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်း များမှာ မျှစ်စို့၊ မျှစ်ချဉ်၊ နေ့စားလုပ်ငန်း တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားကိုလိုက်လုပ်ကိုင်ကြရသည်။ စိုက်ပျိုးရေးရာသီချိန်တွင် လုပ်သားရှားပါးခြင်းများ ရှိသော်လည်း လက်လုပ်လက်စားများအတွက် အဆင်ပြေကြသည်။ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ညောင်ထောက်မြောက်ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၁၇၂) ဦးရှိပြီး ကျေးရွာအတွက် အရင်းအမြစ် အသင့်အတင့်ကောင်းသည်ဟုဆိုနိုင်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နှင့် ချက်ပြုတ်နည်း သင်တန်းစသည့် အိမ်တွင်းမှုသင်တန်းများ၊ ကားမောင်းသင်တန်းများ၊ မော် တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ ဝပ်ရှော့ ကဲ့သို့သော စက်ပြင်သင်တန်းများ၊ ကွန်ပြူတာ သင်တန်း၊ ကွန်ပြူတာနှင့် မိုဘိုင်ဖုန်းပြုပြင်ရေးသင်တန်းများ၊ ဒိုင်နမို၊ မော်တာစသော အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများ ပြုပြင်ရေး သင်တန်းများ လက်သမား၊ ပန်းရံစသောဆောက်လုပ် ရေးသင်တန်းများ ဝန်ဆောင်မှု ရှိသော်လည်း အချိန်ပေးနိုင်မှု အားနည်းခြင်း၊ စားဝတ်နေရေး အခြေအနေကြောင့် ရွာ

သားအများစု သည် အဆိုပါ သင်တန်းများသို့ တက်ရောက်နိုင်ခြင်း မရှိချေ။သို့သော် အသက်မွေးဝ မ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ရှိနေဆဲ ဖြစ်ကြောင်း တွေ့ရသည်။

**၃.ဆ ။ ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးရွာအနီးရွာတွင် ရှိပါသည်။ ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ က လေးငယ် အများစုလည်း ကျန်းမာ ကြသည်။ မွေးကင်းစကလေးငယ်များ အသေအပျောက် နည်း ပါးသည်။ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီး များအား အခအားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းတို့ကို ပြုလုပ် ပေး သည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမနှင့်ကျေးရွာဆေးခန်းမရှိပါ။ ကျေးရွာအ တွင်း အမျိုးသမီးများ၊ လူငယ်လူရွယ်များနှင့် သက်ကြီးရွယ်အိုများအတွက်အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုရှိသည်။ မြို့နယ်ဆေးရုံနှင့် (၂၁ မိုင်)ခန့်ကွာဝေးပြီး၊ ဆေးဆိုင်များနှင့် လက်လှမ်းမီမှု မရှိပါ။ ကျေးရွာသားများသာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံ ကျန်းမာရေးအသိပ ညာပေးမှုများ ကလေး၊လူကြီး၊ အမျိုးသမီးမကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့်ကုသရေး အပိုင်းတွင် နှောင့်နှေးလျက်ရှိသေးသည်ကို တွေ့ရသည်။

**၃.၈ ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ညောင်ထောက်မြောက်ကျေးရွာတွင် စိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြော င့် ပိုးသတ် ဆေးနှင့်ဓာတု မြေဩဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်း လာ နိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေး များ ကိုသာ အသုံးပြုမှုများပြားသည်။ ကျေးရွာတွင် စိမ့်စမ်းရေကိုသာ သုံးစွဲကြသည်။ စွန့်ပစ်ပစ္စ ည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဗူးခွံ၊ ပုလင်းခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြ င့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင် အထက် အမြ င့် ပေ (၃၀၀၀) ပေအထက်တွင် တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊ မြို့နယ်အတွင်း အမြင့်ပိုင်း တစ်နေရာ တွင် တည်ရှိခြင်းတို့ကြောင့် တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်တွင်ပိုင်း ဖြစ်ခြင်း တို့ ကြောင့် မုန်တိုင်း အန္တရာယ် နည်းပါးသည်။ ထိခိုက်မှုနည်းပါးသည်။

**၃.စျ ။ ကျား - မရေးရာ**

ပညာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ မူလတန်း၊ အလယ်တန်း၊ အထက် တန်းတို့တွင် မူလတန်းပညာပြီးလျှင် ကျောင်းဆက်တက်သူနည်းပါးပါသည်၊ အလယ်တန်း၊ အထ က်တန်းနှင့် တက္ကသိုလ်ဘွဲ့ရများတွင် အလယ်တန်းအဆင့် ၅၇ ဦး၊ အထက်တန်းအဆင့် ၅ ဦးနှင့်

တက္ကသိုလ် အဆင့် ၂ ဦးသာရှိသည်ကို တွေ့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများ ပါဝင်နိုင်မှု အခွင့်အရေးရှိသည်။ ကျေးရွာလူမှုရေးအဖွဲ့တွင် အမျိုးသမီးများ အမျိုးသားများနဲ့ တန်းတူ ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအတွင်း အမျိုးသမီးများ လူကုန်ကူးခံရမှုမရှိပေ။ အိမ်ထောင်ရေး အကြမ်းဖက်မှု မရှိကြောင်းတွေ့ရသည်။ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိ ပညာပေးခြင်းများ၊ လူ့အခွင့်ရေးသင်တန်းများ၊ အမျိုးသမီးစွမ်းဆောင်ရည် မြှင့်သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## မိုးကုတ်မြို့နယ်-ညောင်ထောက်ကျေးရွာအုပ်စု- ညောင်ထောက်မြောက်ကျေးရွာ-ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း မကောင်းခြင်း၊ | လမ်းများမှာမြေသား လမ်းပြီးမိုးရေတိုက် စားခြင်း၊ ခြံထွက်သီးနှံများသယ် ယူသည့်လမ်းဖြစ်ခြင်း | ကျေးရွာမှလုပ်အား ပါဝင်နိုင်ခြင်း | ငွေကြေးလိုအပ် ခြင်း၊နည်းပညာ လို အပ်ခြင်း | ကျေးလက်ဦးစီး ဌာနသို့တင်ပြခြင်း၊ အလှူရှင်ရှာဖွေခြင်း | ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက် |
| ၂။ | ကျောင်းသူ/ သားများ ပညာသင်ကြား ရေးတွင်အခက် အခဲရှိ | - လူနေမှုအဆင့်မြင့် မားလာစေရန် - သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းနိုင် ရန် | - ကျေးရွာမှ အချိုးကျထည့်ဝင်ငွေထည့်နိုင် | - ငွေကြေး - ပစ္စည်း - ခွင့်ပြုမှု | - မီးလင်းရေး ကော် မတီဖွဲ့စည်းပြီး သက်ဆိုင်ရာ လျှပ်စစ်ဌာနနှင့် ဆက်သွယ်ဆောင် ရွက်ရန် | လျှပ်စစ်မီးရရှိရေးစီမံချက် |
| ၃။ | ကျေးရွာသူ/ သားများအသိ ပညာဗဟုသုတ များရရှိနိုင်ရန် | - စာကြည့်တိုက်မရှိ ခြင်း - ဖုန်းလိုင်းမရှိခြင်း | - စာကြည့်တိုက် ဆောက်လုပ်ရန် မြေနေရာရှိ | - ငွေကြေး - ခွင့်ပြုမှု | - မြို့နယ်ထွေ/အုပ် ၊ ပြန်/ဆက်ဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ရန် | စာကြည့်တိုက်တည် ဆောက်ရေးစီမံချက် |
| ၄။ | ကျောင်းသားများ/ ကျောင်း ပြင်ပသို့အလွယ်တကူ ထွက်ခွာ နိုင်ခြင်း | လက်ရှိခြံစည်းရိုးသည် မကောင်းတော့ခြင်း | ကျေးရွာမှလုပ်အား ပါဝင်နိုင်၊ မိဘဆရာ အသင်းမှစိတ်ဝင်စားမှုရှိ | ငွေကြေး၊ ခွင့်ပြုမိန့် | အုပ်ချုပ်ရေးနှင့် ပညာရေးဌာနသို့ တင်ပြဆောင်ရွက်သွားရန် | စာသင်ကျောင်းအုတ်တံ တိုင်းကာရံရေးစီမံချက် |

# ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ/<br>အကြောင်းအရာ | ဦးစားပေး<br>အဆင့် |
|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ |
| ၂ | လျှပ်စစ်မီးရရှိရေးလုပ်ငန်းစီမံချက် | ၂ |
| ၃ | ကျောင်းအုတ်တံတိုင်းကာရံခြင်း | ၃ |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းစီမံချက် | ၄ |

**မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီစာရင်း**

**ညောင်ထောက်ကျေးရွာအုပ်စု၊ ညောင်ထောက်(မြောက်)ကျေးရွာ**

| စဉ် | အမည် | အဖအမည် | ရာထူး | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးခန်းကျန် | ဦးဆုဇေယျ | ဥက္ကဋ္ဌ | ၅၁ နှစ် | ၅/စကန(နိုင်)၀၀၉၈၆၀ | ၁၀ တန်း | ၀၉-၄၅၆၇၇၆၅၅၈ | |
| ၂ | ဦးစံမြင့် | ဦးတင်ဝင်း | အတွင်းရေးမှူး | ၄၂ နှစ် | ၉/မကန(နိုင်)၁၀၁၁၇၅ | ၄ တန်း | ၀၉-၄၄၃၃၆၄၅၄၈ | |
| ၃ | ဦးသန်းထွေး | ဦးလှဟန် | ဘဏ္ဍာရေးမှူး | ၃၆ နှစ် | ၉/မကန(နိုင်)၁၀၃၁၅၀ | ၄ တန်း | ၀၉-၂၆၉၁၉၁၆၁၃ | |
| ၄ | ဒေါ်တင်ဌေး | ဦးမောင်ဌေး | စာရင်းကိုင် | ၅၁ နှစ် | - | ၃ တန်း | ၀၉-၄၀၆၈၉၀၆၄၇ | |
| ၅ | ဒေါ်လှမေ | ဦးပုည | သော့ကိုင် | ၄၁ နှစ် | - | ၃ တန်း | ၀၉-၄၀၅၆၆၃၇၂၃ | |
| ၆ | ဒေါ်ခမ်းပွား | ဦးအောင်သိန်း | အဖွဲ့ဝင် | ၂၉ နှစ် | - | ၄ တန်း | ၀၉-၄၅၅၅၂၉၃၄ | |
| ၇ | ဒေါ်အေးမိ | ဦးစိန်မြင့် | အဖွဲ့ဝင် | ၄၃ နှစ် | - | ၄ တန်း | ၀၉-၄၂၂၂၈၂၀၄၂ | |
| ၈ | ဦးညွန့်မောင် | ဦးစိတ္တ | အဖွဲ့ဝင် | ၃၆ နှစ် | ၉/မကန(နိုင်)၀၁၄၄၀၉ | ၄ တန်း | ၀၉-၄၄၂၃၃၁၂၁ | |
| ၉ | ဦးဇော်မိုး | ဦးချစ်ညွန့် | အဖွဲ့ဝင် | ၃၉ နှစ် | ၉/မကန(နိုင်)၁၀၁၁၇၀ | ၄ တန်း | ၀၉-၂၆၃၃၂၂၂၀၇ | * |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၃ | ၆ | ၉ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၅ | ၁၆ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၇ | ၁၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၅ | ၈၇ | ၁၇၂ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၇ | ၁၄ |
| စုစုပေါင်း | | ၁၁၉ | ၁၁၅ | ၂၃၄ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၄၇ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ထောက်မြောက်ကျေးရွာသည် အိမ်ခြေ ၄၇ အိမ်ရှိပြီး ကျား ၁၁၉ ဦး မ ၁၁၅ ဦး စုစု ပေါင်း ၂၃၄ ဦးနေထိုင်သော ရှမ်းလူမျိုးများနေထိုင်သည့် ကျေးရွာဖြစ်ပါသည်။ လူဦးရေတိုးပွားနှုန်းမှာ ၂.၅၆% ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ လူဦးရေတိုးပွားနှုန်းအောက် လျော့နည်းပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိကဝင်ငွေရလုပ်ငန်းမဟု | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၇ | ၆၈ | ၃ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် လတ် နိမ့် |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ညောင်ထောက်မြောက်ကျေးရွာအိမ်ထောင်စု (၄၇) ဦးစလုံးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး မိသားစုဝင်လုပ်အား (၆၈) ဦး၊ အခြားဝင်ငွေရလုပ်ငန်း အိမ်ဆိုင်/စျေးရောင်းဝယ်သူ ၃ ဦးရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပံ့ | အများဆုံး (ကျပ်) | အနည်းဆုံး (ကျပ်) |
|---|---|---|---|---|

| | | | ကျား | မ | ကျား | မ |
|---|---|---|---|---|---|---|
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**
**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**
လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခမှာ ကျား ပုံသေ ၆၀၀၀ ကျပ်နှင့် မ ပုံသေ ၅၀၀၀ ဖြစ်ပြီး နေ့စားခေါ်ယူမှုနည်းပါးပါသည်။ အကြောင်းရင်းမှာ သူ့လယ် ကိုယ့်လယ် အကူအညီ အဌားစိုက်ပေးခြင်းကြောင့် ဖြစ်ပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**
**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**
**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၂.၅၀ | ကောင်း သင့် ညံ့ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း သင့် ညံ့ |
| ဥယျာဉ်ခြံမြေ | ၅၅.၀၀ | ကောင်း သင့် ညံ့ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း သင့် ညံ့ |
| ခနိတောမြေ | ၀.၀၀ | ကောင်း သင့် ညံ့ |
| စားကျက်မြေ | ၀.၀၀ | ကောင်း သင့် ညံ့ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း သင့် ညံ့ |
| စုစုပေါင်း | ၁၄၇.၅ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာအိမ်ထောင်စု( ၄၇) စုတွင် လယ်မြေ (၉၂.၅) ဧက နှင့် ခြံမြေ (၅၅) ဧက စိုက်ပျိုးမြေများ ပိုင်ဆိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတ | များ သင့် နှ | လွယ် ခက် အသုံးမ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| များ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | ည်း မရှိ | ပြုနိုင်ပါ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ သင့် နေ ည်း မရှိ | လွယ် ခက် အသုံးမပြုနိုင်ပါ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ သင့် နေ ည်း မရှိ | လွယ် ခက် အသုံးမပြုနိုင်ပါ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ သင့် နေ ည်း မရှိ | ☒ |

**ရင်းမြစ် ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာပတ်ဝန်းကျင်တွင် သတ္တုတွင်းထွက်နှင့် အခြားသယံ ဇာတများ ထွက်ရှိမှုမရှိပါ။ကျောက်၊သဲ၊ကျောက်စရစ်မှာကျေးရွာအနီးချောင်းအတွင်းမှ ရရှိနိုင်သော်လည်း ဈေးကွက်ဝေးကွာသဖြင့် ထုတ်ယူအသုံးပြုခြင်းမရှိပါ။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝ အပင်မျိုးစိတ်များ မရှိပါ။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| အိမ်ထောင်စု | ၁၅ | ၉ | ၁၀ | ၁၃ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၁၅) စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၉)စု၊ မပြေလည်သောအိမ်ထောင်စု (၁၀)စု၊ အလွန်မပြေလည်သောအိမ်ထောင်စု (၁၃)စု ရှိပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် ဝမ်းစာဖူလုံခြင်းအတွက် ကောက်ယူထားခြင်းမရှိပါ။

**(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | ၀ |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | ၀ |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ၀ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသည့်ပုဂ္ဂိုလ်၊ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု၊ မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု မရှိပါ။

**(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | လတ် | နိမ့် | မရှိ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် | လတ် | နိမ့် | မရှိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၃ | ရေကြီးခြင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၄ | မိုးခေါင်ခြင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၆ | မုန်တိုင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၇ | ငလျင် | မြင့် | လတ် | နိမ့် | မရှိ |
| ၈ | မီးဘေး | မြင့် | လတ် | နိမ့် | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် | လတ် | နိမ့် | မရှိ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် | လတ် | နိမ့် | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် | လတ် | နိမ့် | မရှိ |
| ၁၃ | တီဘီရောဂါ | မြင့် | လတ် | နိမ့် | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် | လတ် | နိမ့် | မရှိ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် | လတ် | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် | လတ် | နိမ့် | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် | လတ် | နိမ့် | မရှိ |
| ၁၈ | ဝေးလံ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ | မြင့် | လတ် | နိမ့် | မရှိ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ ဘဘာဝရင်းမြစ်ရှားပါးမှု၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှုမရှိပါ။

**(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့်ရှိ | လတ် | နိမ့် | မ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့်ရှိ | လတ် | နိမ့် | မ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့်ရှိ | လတ် | နိမ့် | မ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့်ရှိ | လတ် | နိမ့် | မ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | |
|---|---|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၅ | ဆေးစွဲသူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်ရှိ | လတ် | နိမ့် | မ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့်ရှိ | လတ် | နိမ့် | မ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ - ညောင်ထောက်မြောက်ကျေးရွာတွင် လူငယ်၊အမျိုးသမီး၊ဆင်းရဲသားတောင်သူ၊ လက်လုပ် လက်စားများတွင် ထိခိုက်သက်ရောက်ခံရမှုများမရှိပါ။ ကားမောင်းပြီးအသက်မွေးသူ များလည်းမရှိပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရ | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု(မှန်ရာတ |
|---|---|---|---|---|---|

| | | | ကျား | မ | ပေါင်း | | |
|---|---|---|---|---|---|---|---|
| ၁ | ဓမ္မစက်ကြာ အဖွဲ့ | ၁<br>၂<br>၃ | ၀ | ၁၅ | ၁၅ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်ညံ့ |
| ၂ | ရှမ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ | ၁<br>၂<br>၃ | ၄ | ၃ | ၇ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်ညံ့ |
| ၃ | အပျိုအဖွဲ့ | ၁<br>၂<br>၃ | ၀ | ၁၅ | ၁၅ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်ညံ့ |
| ၄ | လူပျိုအဖွဲ့ | ၁<br>၂<br>၃ | ၁၅ | ၀ | ၁၅ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်ညံ့ |
| ၅ | ဝုန်းမေတ္တာငွေ စုငွေချေးကော်မတီ | ၁<br>၂<br>၃ | ၆ | ၄ | ၁၀ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်ညံ့ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | မိဘဆရာအသင်း | ၁<br>၂ ၃ | ၃ | ၂ | ၅ | ပညာရေး ငွေကြေးကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး | ကောင်းသင့်သည့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ ၆ ဖွဲ့ရှိပြီး ဘာသာရေးကို အခြေခံသောအဖွဲ့ ၂ ဖွဲ့၊ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ၂ ဖွဲ့၊ ငွေကြေးအခြေခံသောအဖွဲ့ ၁ ဖွဲ့၊ ပညာရေးအဖွဲ့ ၁ စု စုပေါင်း ၆ ဖွဲ့ရှိပါသည်။

**(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မိုးကုတ်မြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | ၁ ၂ ၃ ၄ ၅ ၆ ၇ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး |
| ၂ | | ၁ ၂ ၃ ၄ ၅ ၆ ၇ | ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊

Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် ကျေးရွာပြင်ပမှ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော အဖွဲ့အစည်း (၁)ခုရှိပြီး သာရေးနာရေးလူမှုဖွံ့ဖြိုးရေးနှင့် ငွေကြေးကို အခြေခံသောအဖွဲ့တို့ဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁၀ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၅ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင် စုစုစုပေါင်း | | ၄၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုမရှိသူ (၆) ဦး၊ ၂.၅ ဧကအောက် (၁၇) ဦး၊ ၂.၅ ဧကမှ ၅ ဧကကြား (၉) ဦး၊ ၅ ဧကမှ ၁၂.၅ ဧကကြား (၁၀) ဦး၊ ၁၂.၅ ဧကအထက် (၅) ဦး မြေယာပိုင်ဆိုင်ကြပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၉၂.၅၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၃ | မြစ်ရေတင်စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၅ | အဝီစိတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၆ | လက်ငင် ရေတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက် | ရှိ<br>မရှိ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ | မဖြေဆိုပါ |
| ၈ | ချောင်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး<br>ရာသီအလိုက်<br>မဖြေဆိုပါ | ရှိ<br>မရှိ<br>မဖြေဆိုပါ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**
လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာအထက်တွင် ညောင်ထောက်ဆည်တည်ရှိပါသည်။ ဆည်၏ပမာဏမှာ ၁၀၀ ပေပတ်လည်ခန့်ရှိပါသည်။ ညောင်ထောက်ကျေးရွာရှိ လယ်စိုက်သူများသည် ဆည်ရေနှင့် မိုးရေကို အဓိကထားစိုက်ပျိုးပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း** **ဇယား (၁၅)**
**အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၉၃ | တင်း | ၈၀ | ၁၀၀ | ၉၀ | ဇူလိုင် | ဩဂုတ် | မြင့်လတ်နိမ့် | မြင့်လတ်နိမ့် |
| လက်ဖက် | ၅၅ | ပိဿာ | ၆၀ | ၇၀ | ၆၅ | ဇွန် | ဇူလိုင် | မြင့်လတ်နိမ့် | မြင့်လတ်နိမ့် |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**
လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာစပါးနှင့်လက်ဖက်ကို အဓိကထား စိုက်ပျိုးပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦး ချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၀ | ၀ | ၀ | ၀ |
| လက်တွန်းထွန်စက် | ၂၄ | ၀ | ၀ | ၀ |
| အစေ့ချကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းစက် | ၁ | ၀ | ၀ | ၀ |
| ခြွေလှေ့စက် | ၄ | ၀ | ၀ | ၀ |
| ရေစုပ်စက် | ၅ | ၀ | ၀ | ၀ |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၂၆ | ၀ | ၀ | ၀ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာရှိ တောင်သူများတွင် လက်တွန်းထွန်စက် ၂၄ စီး၊ ရိတ်သိမ်း စက် ၁ စီး၊ ခြွေလှေ့စက် ၄ စီး၊ ရေစုပ်စက် ၅ စီး၊ မြက်ရိတ်စက် ၂၆ စီး ရှိသည်ကိုတွေ့ရှိရပါသည်။ ရွာပိုင် ၊ အဖွဲ့ပိုင် များမရှိပါ။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) | | | |
|---|---|---|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း | ကောင်း | သင့်တင့်မျှတ | မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း | ကောင်း | သင့်တင့်မျှတ | မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ | အသင့်အတင့်ရှိ | | မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် | ရသည် | | မဖြေဆိုပါ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် မဖြေဆိုပါ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည် ရနိုင်သည် မဖြေဆိုပါ |
| သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် သီးနှံများကိုရောင်းချနိုင်သည် မဖြေဆိုပါ |

**ရင်းမြစ်**... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာသည် ရာသီဥတုနှင့်လယ်မြေအသုံးချနိုင်မှု သင့်တင့်မျှတပါသည်။ စိုက်ပျိုးရေမှာ ဆည်ရေကိုအသုံးပြုပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးကိုသာ အသုံးများပါသည်။ သဘာဝမြေဆွေးအသုံးပြုမှုများပါသည်။ နည်းပညာနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ရရှိပါသည်။ သီးနှံများကိုလည်း ရောင်းချနိုင်ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက် ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း ရာသီဥတုမမှန် မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ လယ်ယာမြေဆုံးရှုံးမှုများသည် လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ပလပ်မြေများရှိသည် ပလပ်မြေအသင့်အတင့်ရှိသည် မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ |
| သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ မဖြေဆိုပါ |

| | |
|---|---|
| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဥယားဝဂုနှင့်ဝဈကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ အသင့်အတင့်ကျ အနည်းငယ် မဖြေဆိုပါ |

**ရင်းမြစ် (ဘ) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ညောင်ထောက်မြောက်ကျေးရွာတွင် လယ်ယာမြေတိုးချဲ့မှုမရှိပါ။ သီးနှံများ ဖျက်ပိုးအနည်းငယ် ကျရောက်ပြီး သီးနှံများကို မြို့အထိသွားရောက်ရောင်းချရသည့်အတွက် စျေးနှုန်း မှန်သော်လည်း သယ်ယူ စရိတ် ကုန်ကျမှုရှိပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(ဘ) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (ဘဇ) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
